ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

# စက်မှုလုပ်ငန်းများဖွံ့ဖြိုးမှုနှင့် စီးပွားရေးတိုးတက်မှုအားလေ့လာခြင်း

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်


## အကျဉ်းချုပ်

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ပင်မကျောရိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ၆၀ ရာခိုင်နှုန်းမှာ စားသောက်ကုန်များထုတ်လုပ်နေကြခြင်းဖြစ်ပြီး စားသောက်ကုန်ထုတ်လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းခန့်မှာ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖြစ်ကြပါသည်။ ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာစေရန်အတွက် အဓိကအချက်မှာ စက်မှုနည်းပညာများ၊ ကုန်ထုတ်လုပ်မှုအရင်းအနှီးများနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ဈေးကွက်စီးဆင်းမှုမှန်ကန်ရေးဖြစ်၍ ယင်းအချက်များကို တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဤစာတမ်းတိုတွင် စက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အစိုးရ၏ဆောင်ရွက်ချက်များ၊ စက်မှုလုပ်ငန်းများတွင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရန်အတွက် စက်မှုသင်တန်းကျောင်းများ၏လိုအပ်ချက်များ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အထောက်အပံ့ပြုမည့်ဝန်းကျင်ကောင်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုကဏ္ဍ၏အရေးပါမှုများကို ရေးသားပြုစုတင်ပြခြင်းဖြစ်ပါသည်။


စာတမ်းတိုအမှတ်စဉ် – (၁၂၂)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ | ၃ |
| ၄။ | စက်မှုလုပ်ငန်းနှင့်အမျိုးအစားများ | ၄ |
| ၅။ | အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းများ၏အခြေအနေ | ၅ |
| ၆။ | စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခြေပြုသည့်အဓိကကဏ္ဍများ | ၆ |
| ၇။ | အစိုးရ၏ဆောင်ရွက်ချက်များ | ၇ |
| ၈။ | စက်မှုလုပ်ငန်းမူဝါဒ | ၇ |
| ၉။ | ရည်မှန်းချက် | ၈ |
| ၁၀။ | လုပ်ငန်းစဉ်များ | ၉ |
| ၁၁။ | စီးပွားရေးမူဝါဒ (၁၂) ချက်တွင်ပါဝင်သည့် စက်မှုကဏ္ဍဆိုင်ရာအချက်များ | ၁၀ |
| ၁၂။ | မူဝါဒနှင့်အညီ ဖွဲ့စည်းဆောင်ရွက်မှုများ | ၁၀ |
| ၁၃။ | မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အခန်းကဏ္ဍ | ၁၁ |
| ၁၄။ | လွှတ်တော်တွင်းဆွေးနွေးချက်များ | ၁၂ |
| ၁၅။ | ကြုံတွေ့ရသည့် စိန်ခေါ်မှုနှင့်အခက်အခဲများ | ၁၃ |
| ၁၆။ | စက်မှုကဏ္ဍနှင့်စပ်လျဉ်းသည့်အမြင်များ | ၁၄ |
| ၁၇။ | နိုင်ငံအချို့၏ဆောင်ရွက်ချက်များ | ၁၆ |
| ၁၈။ | နိဂုံး | ၁၉ |

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC)တွင် ပူးပေါင်းပါဝင်သည့် အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။ ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစည်းဆောင်ရွက်ခြင်းသည် ပြည်တွင်း စက်မှု/လက်မှုလုပ်ငန်းများအတွက် စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံမှ စက်မှုထွန်းကားသည့်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအပါအဝင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝမြင့်တင်နိုင်ရေးတို့အတွက် စက်မှုကဏ္ဍသည် အရေးကြီးသောကဏ္ဍတစ်ခု ဖြစ်ပါသည်။[1]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတို၏ရည်ရွယ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုကဏ္ဍ၏ အရေးပါမှု၊ စက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အစိုးရ၏ဆောင်ရွက်ချက်များ၊ စက်မှုလုပ်ငန်းများတွင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရန်အတွက် စက်မှုသင်တန်းကျောင်းများ၏ လိုအပ်ချက်များကို သိရှိနိုင်စေရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ရေးသားခြင်းဖြစ်ပါသည်။

## အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ

၃။ ဤစာတမ်းတိုတွင် အသုံးပြုထားသောသတင်းအချက်အလက်များကို အစိုးရနှင့်နိုင်ငံတကာ website များမှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ ဂျာနယ်များ၊ သတင်းစာများနှင့် စက်မှုလုပ်ငန်းမူဝါဒတွင် ဖော်ပြထားသော သတင်းအချက်အလက်များအား ရယူဖော်ပြထားပါသည်။

[1]စက်မှုလုပ်ငန်းမူဝါဒ၊ http://moi.industry.gov.mm.mm/history မှ ရရှိပါသည်။

## စက်မှုလုပ်ငန်းနှင့်အမျိုးအစားများ

၄။ စက်မှုလုပ်ငန်းများသည် နိုင်ငံသူနိုင်ငံသားများ၏ အခြေခံလိုအပ်ချက်များဖြစ်သော စား၊ ဝတ်၊ နေရေးနှင့်သက်ဆိုင်သည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက်ရုံအလုပ်ရုံများအတွက် လိုအပ်သော စက်ပစ္စည်းအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများနှင့် ပြည်ပပို့ကုန် စက်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းသစ်များကိုလည်း ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။[2] မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍတွင် စက်မှုလုပ်ငန်းအမျိုးအစား (၄) မျိုးရှိပါသည်။ ၎င်းစက်မှုလုပ်ငန်းများမှာ–

(က) **မိုက်ခရိုစက်မှုလုပ်ငန်းဆိုသည်မှာ** မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အမြဲတမ်း ဝန်ထမ်း ငါးရမ်းအသုံးပြု၍သော်လည်းကောင်း၊ ဝန်ထမ်းဦးရေ အမြဲတမ်း ၁၅ ဦး ထက် မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေကျပ် သန်း ၅၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းဖြစ်ပါသည်။

(ခ) **အသေးစားစက်မှုလုပ်ငန်းဆိုသည်မှာ** ဝန်ထမ်းဦးရေအမြဲတမ်း ၁၅ ဦးအထက်မှ ၅၀ ဦးထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေကျပ် သန်း ၅၀ အထက်မှ ကျပ်သန်း ၅၀၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင် မွမ်းမံသည့်လုပ်ငန်းဖြစ်ပါသည်။

(ဂ) **အလတ်စားစက်မှုလုပ်ငန်းဆိုသည်မှာ** ဝန်ထမ်းဦးရေအမြဲတမ်း ၅၀ ဦး အထက်မှ ၃၀၀ ဦးထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေကျပ် သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၀၀၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းဖြစ်ပါသည်။

(ဃ) **အကြီးစားစက်မှုလုပ်ငန်းဆိုသည်မှာ** ဝန်ထမ်းဦးရေအမြဲတမ်း ၃၀၀ ဦးနှင့်အထက် ရှိသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေ ကျပ်သန်း ၁၀၀၀ အထက်ရှိသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းဖြစ်ပါသည်။[3]

---

[2]ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စက်မှုဝန်ကြီးဌာန၏ စက်မှုလုပ်ငန်းမူဝါဒ အခန်း (၅) မှ ကောက်နုတ်ရရှိပါသည်။

[3]ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စက်မှုဝန်ကြီးဌာန၏ စက်မှုလုပ်ငန်းမူဝါဒ အခန်း (၅) မှ ကောက်နုတ်ရရှိပါသည်။

## အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းများ၏အခြေအနေ

၅။ နိုင်ငံတော်၏ စက်မှုကဏ္ဍလုပ်ငန်းများတွင် တရားဝင်မှတ်ပုံတင်ထားသော စာရင်းအင်းများအရ စက်မှုလုပ်ငန်း (ကြီး၊ လတ်၊ ငယ်) ၄၅,၀၀၀ ကျော်နှင့် အိမ်တွင်းစက်မှု/လက်မှုလုပ်ငန်း ၁၉,၀၀၀ ကျော်ရှိပါသည်။[4] စက်မှုဝန်ကြီးဌာနအောက်တွင် စက်ရုံစုစုပေါင်း ၁၁၂ ရုံရှိပြီး အဆိုပါစက်ရုံများအနက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များဖြင့် ဆောင်ရွက်နေသော စက်ရုံ ၅၅ ရုံရှိပါသည်။ ထိုစက်ရုံများတွင် ဖက်စပ်စက်ရုံ ၂ ရုံ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု စက်ရုံ ၃ ရုံ၊ ကာလရှည်ငှါးရမ်းမှုစက်ရုံ ၅၀ ရုံတို့ပါဝင်ပြီး နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် ဆောက်ရွက်နေသော စက်ရုံ ၅၇ ရုံရှိပါသည်။[5] အဆိုပါ စက်မှု/လက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းအားဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါသည်။[6]

၆။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်ခြင်းဖြင့် အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်၍ ပြည်ပသွင်းကုန်၊ အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များတိုးမြှင့်ခြင်းဖြင့် အပြန်အလှန်ကုန်သွယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ အကြီးစားစက်မှုလုပ်ငန်း တိုးချဲ့ထူထောင်ခြင်းကြောင့် အတွေ့အကြုံများရရှိခြင်းနှင့်အတူ ကျွမ်းကျင်မှုများ ရရှိလာမည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်စည်များ၏အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားမှုသည် စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုအရည်အသွေးကိုသာမက အလုပ်သမားများ၏ ကျွမ်းကျင်မှုကိုပါ နိုင်ငံတကာအဆင့်မီသည့်အထိမြှင့်တင်ပေးရာရောက်၍ လူသားအရင်းအမြစ်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။[7]

---


[4]http://moi.industry.gov.mm.mm/history မှ ရရှိပါသည်။

[5]ဒုတိယအကြိမ်၊အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင်စက်မှုဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း၏ ဖြေကြားချက်မှ ကောက်နုတ်ရရှိပါသည်။

[6] http://moi.industry.gov.mm.mm/history မှ ရရှိပါသည်။

[7]မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့်စက်မှုကဏ္ဍတစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေး၊ https://www.commerce journal. com.mm/11816 မှ ကောက်နုတ်ရရှိပါသည်။

**မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းနှင့် စက်မှုထုတ်ကုန်တိုးတက်မှုနှုန်း**




Source: https://www.adb.org/countries/myanmar/economy#tabs-0-0

Source: https://www.indexmundi.com/g/g.aspx?c=bm&v=78

၇။ အထက်ဖော်ပြပါ Bar Chart သည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍမှ ထုတ်လုပ်မှုနှုန်းနှင့် GDP တိုးတက်မှုနှုန်းတို့ကို နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို လေ့လာပါက စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားလေ့ရှိပါသည်။[8]

## စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခြေပြုသည့်အဓိကကဏ္ဍများ

၈။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အောက်ဖော်ပြပါကဏ္ဍများကို တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၎င်းကဏ္ဍများမှာ-

(က) လျှပ်စစ်ဓာတ်အား

(ခ) ရေနံနှင့် သဘာဝဓာတ်ငွေ့

(ဂ) ကုန်ထုတ်လုပ်ငန်း

(ဃ) သတ္တုတူးဖော်ရေး

(င) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

(စ) မွေးမြူရေးနှင့် ရေလုပ်ငန်း

(ဆ) သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး

(ဇ) စက်မှုဇုန် တို့ဖြစ်ပါသည်။[9]

[8]မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်၊ WorldGroup၊ documents.worldbank.org/curated/en/435651560177954760/pdf/Executive-Summary.pdf မှ ကောက်နုတ်ရရှိပါသည်။

## အစိုးရ၏ဆောင်ရွက်ချက်များ

၉။ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ (၄)ရပ်၊ ရည်မှန်းချက် (၂)ရပ် နှင့် လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ပြီး ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စက်မှုဆိုင်ရာမူဝါဒများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် တာဝန်ခံဆောင်ရွက်ခြင်း၊ စက်မှုဖွံ့ဖြိုးရေး မဟာဗျူဟာနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ ဥပဒေနှင့်နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စွမ်းအင်ခြိုးခြံချွေတာရေး အတွက် မူဝါဒများ၊ လမ်းညွှန်ချက် သို့မဟုတ် ဥပဒေမူကြမ်းပေါ်ထွက်လာရန် ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် စက်မှုဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှု သင်တန်းကျောင်းများဖွင့်လှစ်၍ စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်သင်ကြား မွေးထုတ် ပေးလျက်ရှိပါသည်။[10]

## စက်မှုလုပ်ငန်းမူဝါဒ

၁၀။ (က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများ ဘက်ညီဖွံ့ဖြိုးရေးအတွက် လယ်ယာ မြေအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက် လာစေရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်လာရေး၊

(ခ) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ အောင်မြင်မှုရရှိစေရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း

---

[9] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စက်မှုဝန်ကြီးဌာန၏ ထုတ် စက်မှုလုပ်ငန်းမူဝါဒ အခန်း (၁) မှ ကောက်နုတ်ရရှိပါသည်။

[10] နိုင်ငံတော်အစိုးရ၏ တတိယ (၁) နှစ်တာ ကာလအတွင်း စက်မှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ https://www.moi.gov.mm/?q=news/22/04/2019/id-25444 မှ ရရှိပါသည်။

ဆောင်ရွက်မှုကဏ္ဍများ ပိုမိုဖြင့်တင်ရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ ) စက်မှုထုတ်ကုန်များ အရည်အသွေးတိုးတက်မြင့်မားလာစေရန်နှင့်ဆန်းသစ်တီထွင်နိုင်ရန်အတွက် သုတေသနနှင့် နည်းပညာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) ပြည်တွင်းရှိ သယံဇာတကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာအသုံးပြုပြီး တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းအား တိုးမြှင့်ဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် စက်မှုလုပ်ငန်းများဖြစ်စေရေးနှင့် စွမ်းအင်ကိုအကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး၊[11]

## ရည်မှန်းချက်

၁၁။ (က) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆက်လက်ဆောင်ရွက်သင့်သည့် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအောင်မြင်မှုရရှိစေရန်၊ ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအား တိုးမြှင့်ဆောင်ရွက်ရန်နှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန်၊

(ခ) လုပ်သားအခြေပြုစက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်ပြီး ပြည်တွင်းဈေးကွက်ချဲ့ထွင်နိုင်ခြင်းမှတဆင့် ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများဖြစ်ပေါ်လာစေရန်။

[11]စက်မှုလုပ်ငန်းမူဝါဒ၊ https://myanmar.gov.mm/ministry-of-industry ကောက်နုတ်ထားပါသည်။

## လုပ်ငန်းစဉ်များ

၁၂။ (က) နိုင်ငံပိုင်စက်မှုလုပ်ငန်းများအား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ထုတ်ကုန်များ အရည်အသွေးကောင်းမွန်စေရေးနှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီစေရန် သုတေသနပြုလုပ်ခြင်း၊ ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်း၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များပြုလုပ်ခြင်းတို့ဖြင့် အောင်မြင်မှုရရှိစေရန်ဆောင်ရွက်မည်၊

(ခ) နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအား ပုဂ္ဂလိကနှင့်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်း၊ နည်းပညာသစ်များထပ်တိုးခြင်းတို့ဖြင့် ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်မည်၊

(ဂ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်လိုအပ်သည့် ဈေးကွက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးများကို နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီအထောက်အပံ့ရရှိနိုင်ရန်နှင့် လုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်၊[12]

(ဃ) စက်မှုဆိုင်ရာကျွမ်းကျင်လုပ်သားများကို စနစ်တကျလေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရေးအတွက် စက်မှုသင်တန်းကျောင်းများအဆင့်မြှင့်တင်ခြင်း၊တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအား ဆောင်ရွက်မည်၊

(င) စွမ်းအင်ကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေးဆိုင်ရာ ဥပဒေမူဘောင်များ ထွက်ပေါ်လာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့်အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်မည်။

---

[12]စက်မှုဝန်ကြီးဌာန၊ ဌာနအဖွဲ့အစည်း၏အကြောင်းအရာ https://myanmar.gov.mm/ministry-of-industry မှ ကောက်နုတ်ထားပါသည်။

## စီးပွားရေးမူဝါဒ (၁၂) ချက်တွင်ပါဝင်သည့် စက်မှုကဏ္ဍဆိုင်ရာအချက်များ

၁၃။ (က) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန်ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

(ခ) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်တို့ဖြစ်ပါသည်။[13]

## မူဝါဒနှင့်အညီ ဖွဲ့စည်းဆောင်ရွက်မှုများ

၁၄။ စက်မှုဝန်ကြီးဌာနမှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင်လည်းကောင်း၊ ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဧပြီလတွင်လည်းကောင်း၊ နည်းဥပဒေကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌနှင့် စက်မှုဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ်တာဝန်ယူ၍ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်တွင်လည်းကောင်း၊ လုပ်ငန်းကော်မတီ ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင်လည်းကောင်း ဖွဲ့စည်းခဲ့ပြီးနောက် အထောက်အကူပြုအဖွဲ့များဖြစ်သော SME Agency၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့များ ဆက်လက်ဖွဲ့စည်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

[13] နိုင်ငံတော်၏စီးပွားရေးမူဝါဒမှ ကောက်နုတ်ထားပါသည်။

၁၅။ စက်မှုဝန်ကြီးဌာနအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ပြန်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအထိ စက်မှုလုပ်ငန်းပေါင်း ငါးသောင်းကျော်ခန့်ကို မှတ်ပုံတင်ပေးနိုင်ခဲ့ပါသည်။[14] ထို့ပြင် စက်မှုဆိုင်ရာနည်းပညာဖွံ့ဖြိုးရေးအတွက် လက်တွေ့အကောင်အထည်ဖော်ရေးသင်တန်းများ၊ အထည်ချုပ်နည်းပညာတိုးတက်ရေးသင်တန်းများ၊ နာနတ်ပင်၏အရွက်မှအမျှင်ထုတ်လုပ်မှု နည်းစနစ်သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

၁၆။ စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုနိုင်သည့် အောက်ပါဝန်းကျင်ကောင်းများကိုလည်း တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် စက်မှုလုပ်ငန်းမူဝါဒတွင် ဖော်ပြထားပါသည်-

(က) မေခရိုစီးပွားရေးတည်ငြိမ်မှုရှိစေမည့် မူဝါဒရှိခြင်း၊

(ခ) ပီပြင်သောဈေးကွက်စီးပွားရေးစနစ်ဖြစ်ထွန်းခြင်း၊

(ဂ) အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးမှုရှိခြင်း၊

(ဃ) ဆန်းသစ်တီထွင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုရှိခြင်း၊

(င) ဆက်စပ်ဆောင်ရွက်မည့်မူဝါဒများ ဖွံ့ဖြိုးပြီးဖြစ်ခြင်းတို့ ဖြစ်ပါသည်။[15]

## မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အခန်းကဏ္ဍ

၁၇။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)သည် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာအဆင့်မီစေရန်အတွက် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ပေးခြင်း၊

(ခ) နိုင်ငံသားနှင့် နိုင်ငံခြားသားများ၏ ထုတ်လုပ်မှုလုပ်ငန်းများ နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာစေရေးအတွက် ဆောင်ရွက်ခြင်း၊

[14] နိုင်ငံတော်အစိုးရ၏ တတိယ (၁) နှစ်တာ ကာလအတွင်း စက်မှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များhttps://www.moi.gov.mm/?q=news/22/04/2019/id-25444 မှ ရရှိပါသည်။

[15] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စက်မှုဝန်ကြီးဌာန၏ ထုတ် စက်မှုလုပ်ငန်းမူဝါဒ အခန်း (၁၁) မှ ကောက်နုတ်ရရှိပါသည်။

(ဂ) စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။[16]

## လွှတ်တော်တွင်းဆွေးနွေးချက်များ

၁၈။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် လူမှုဘဝရပ်တည်ရေးအတွက် အများစုသည် ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်းများတွင်လုပ်ကိုင်ခြင်းဖြင့် ရပ်တည်နေရပါသည်။ မြန်မာနိုင်ငံတွင် ၉၉ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများသည် SMEs များဖြစ်ပြီး ၎င်း SMEs များအောင်မြင်မှ နိုင်ငံစီးပွားရေးအောင်မြင်လာနိုင်လိမ့်မည်ဖြစ်သည့်အတွက် SMEs များအား အစိုးရကမဖြစ်မနေ မြှင့်တင်ပေးရမည့်တာဝန်ရှိပါသည်။ ထို့ပြင် အသေးစား၊ အလတ်စားလုပ်ငန်းများသည် မြို့တွင်းသာမက ကျေးလက်များတွင်ပါ ဆောင်ရွက်နိုင်သောလုပ်ငန်းများဖြစ်သော်လည်း ယခုအခါ မြို့ငယ်များနှင့် ကျေးလက်များတွင် လုပ်ကိုင်လျက်ရှိသော အဆိုပါလုပ်ငန်းများမှ ဝင်ငွေနှင့် မိသားစုရပ်တည်မှုအတွက်အသုံးစရိတ်သည် နှစ်ရှည်လများမကိုက်ညီမှုကြောင့် အရင်းအနှီးနှင့် နည်းပညာအတွက် မသုံးစွဲနိုင်သောအခြေအနေများ ကြုံတွေ့နေကြရပါသည်။ ထို့ကြောင့် SMEs လုပ်ငန်းများကို ပံ့ပိုးကူညီမှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုကိုလည်း တစ်ပြိုင်တည်းဖြေရှင်းရာရောက်မည် ဖြစ်ပါသည်။[17]

၁၉။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍကြီးဖွံ့ဖြိုးတိုးတက်မည်ဆိုလျှင် ပြည်သူများ၏ စားဝတ်နေရေးပြည့်စုံဖူလုံမည်ဖြစ်သော်လည်း ချမ်းသာနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် နည်းပညာများတတ်ကျွမ်းရန်၊ လုပ်ငန်းအတွေ့အကြုံများရရှိရန်၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများပိုကောင်းသည်ထက်ကောင်းရန်နှင့် လူနေမှုဘဝအဆင့်မြှင့်တင်နိုင်ရန်လိုအပ်သောကြောင့် ဆင်းရဲမှုပပျောက်စေရန်အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရမည်ဖြစ်ပါသည်။[18]

---

[16]စက်မှုလုပ်ငန်းမူဝါဒမှ ကောက်နုတ်ထားပါသည်။

[17]ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)၊ လွှတ်တော်တွင်းဆွေးနွေးချက်မှ ကောက်နုတ်ထားပါသည်။ https://www.pyithuhluttaw.gov.mm/question-283

[18]အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုးသိန်း (မဲဆန္ဒနယ်အမှတ်-၉၊ ကယားပြည်နယ်)၊ လွှတ်တော်တွင်းဆွေးနွေးချက်မှ ကောက်နုတ်ထားပါသည်။

## ကြုံတွေ့ရသည့် စိန်ခေါ်မှုနှင့်အခက်အခဲများ

၂၀။ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအားနည်းခြင်းတို့ကြောင့် စားသောက်ကုန်များအရည်အသွေးများနိမ့်ကျခြင်း၊ အစားအစာဘေးကင်းလုံခြုံမှုအတွက် အာမခံချက်မပေးနိုင်ခြင်းနှင့် ထုတ်ပိုးမှုအားနည်းခြင်းများရှိနေပါသည်။ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် စံချိန်စံညွှန်းမမီခြင်း၊ စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများသည်လည်း ပြည်ပမှတောင်းဆိုသည့်ပမာဏကို မဖြည့်ဆည်းပေးနိုင်ခြင်း၊ ဈေးကွက်မှတောင်းဆိုသည့် ပမာဏအမြောက်အမြားကို ဖြည့်ဆည်းပေးသည့်အခါတွင်လည်း အရေအတွက်များလာသည်နှင့်အမျှ အရည်အသွေးလျော့ကျလာခြင်းတို့ဖြစ်ပါသည်။ ယင်းအခြေအနေတို့မှာ စိုက်ပျိုးရေးထွက်ကုန် (ကုန်ကြမ်း)တို့ကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မည့် စက်မှုအခြေခံအားနည်းချက်နှင့်ဆက်စပ်နေပါသည်။ ထို့ပြင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှုများအတွက် ပြည်တွင်းစုဆောင်းငွေ၊ လုပ်သားထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းစသည်တို့သည် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိပြီး စိန်ခေါ်မှုများစွာရှိနေပါသည်။[19]

၂၁။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများမှာ–

(က) နိုင်ငံပိုင်စက်ရုံများတွင် စက်ပစ္စည်းများ၏သက်တမ်းမှာ ပျမ်းမျှ နှစ်ပေါင်း ၃၀ – ၄၀ ခန့်ဖြစ်နေ၍ စက်များ၏စွမ်းဆောင်ရည်ကျဆင်းခြင်း၊

(ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် ဒေသများတွင် စက်ရုံများတည်ထောင်ခဲ့ခြင်းတို့ကြောင့် ယနေ့ကာလတွင် သယ်ယူပို့ဆောင်မှုစရိတ်များပြားပြီး ဈေးကွက်ရှိသွင်းကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချရန်ခက်ခဲခြင်း၊

(ဂ) လောင်စာစွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းမြင့်မားခြင်း၊

---

[19] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ အမျိုးသားဖွံ့ဖြိုး တိုးတက်မှု ဒုတိယကာလတို (၅)နှစ် စီမံကိန်း၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် (မူကြမ်း) စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်း များ ပိုမိုဖြစ်ပေါ်စေခြင်းမှ တစ်ဆင့်စက်မှုဖွံ့ဖြိုးမှုဆီသို့ စာအုပ်မှ ရရှိပါသည်။

(ဃ) အလုပ်ပမာဏနှင့် ဝန်ထမ်းခန့်ထားမှုမညီမျှသဖြင့် လစာစရိတ်များစွာပေးချေနေရခြင်းတို့ကြောင့် တစ်ယူနစ်ထုတ်လုပ်မှုစရိတ်မြင့်မားလာသဖြင့် ဈေးကွက်ဝေစုလျော့နည်းလာခြင်း၊

(င ) ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် ခိုင်မာတိကျသည့် ဝန်ထမ်းရေးရာမူဝါဒများမရှိခြင်းကြောင့် အခက်အခဲများကြုံတွေ့နေရခြင်း၊

(စ ) ဝန်ထမ်းများ၏ ရာထူးအဆင့်အလိုက် စွမ်းဆောင်ရည်မြင့်မားလာရန် စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်မှုအားနည်းခြင်း စသည်တို့ကို ကြုံတွေ့လျက်ရှိပါသည်။

၂၂။ နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော စက်မှုကျွမ်းကျင်လုပ်သားများကို စက်မှုသင်တန်းကျောင်း(၆) ခုမှနှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိသော်လည်း စက်မှုသင်တန်းကျောင်းများတွင် ကြုံတွေ့နေရသော အခြေခံလိုအပ်ချက်များမှာ-

(က) အရည်အသွေးပြည့်ဝသော နည်းပြများလိုအပ်ခြင်း၊

(ခ ) နည်းပြများအတွက် ကျွမ်းကျင်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်ရန်လိုအပ်ခြင်း၊

(ဂ ) သင်တန်းကျောင်းများနှင့် စက်ရုံများကြား ချိတ်ဆက်မှုအားနည်းနေခြင်း၊

(ဃ) သင်တန်းကျောင်းများတွင် သင်ကြားပို့ချမှုဆိုင်ရာသင်ရိုးညွှန်းတမ်းများ ပြုပြင်ရန်နှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းရန်လိုအပ်ခြင်း၊

(င ) သင်တန်းကျောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။[20]

## စက်မှုကဏ္ဍနှင့်စပ်လျဉ်းသည့်အမြင်များ

၂၃။ စက်မှုကဏ္ဍတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်သည့်မူဝါဒများ နိုင်ငံတော်က ချမှတ်ပေးရန်လိုအပ်ပါသည်။ ၎င်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကိုလည်း လုပ်သာကိုင်သာရှိသည့် ဥပဒေဖြစ်ရန်လိုအပ်ပြီး စက်မှုကဏ္ဍကိုအားပေးသည့် ဥပဒေဖြစ်ရန်လည်း လိုအပ်ပါသည်။ သို့မှသာ ပြည်တွင်း/ပြည်ပ၌ရှိသည့် ရင်းနှီးမြှုပ်နှံသူများ အလုံးအရင်းနဲ့ဝင်လာပြီး စက်မှုဖွံ့ဖြိုးသည့်နိုင်ငံ

[20]ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွာရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ အမျိုးသားဖွံ့ဖြိုး တိုးတက်မှု ဒုတိယကာလတို (၅)နှစ် စီမံကိန်း၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် (မူကြမ်း) စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်း များ ပိုမိုဖြစ်ပေါ်စေခြင်းမှ တစ်ဆင့်စက်မှုဖွံ့ဖြိုးမှုဆီသို့ စာအုပ်မှ ရရှိပါသည်။


ဖြစ်လာမည်ဖြစ်ပါသည်။ စက်မှုဖွံ့ဖြိုးသည့်နိုင်ငံဖြစ်လာမည်ဆိုလျှင် လူ့စွမ်းအားအရင်းအမြစ်များ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေးလာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် စက်မှုကဏ္ဍဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်တွင်းမှာရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိလာမည် ဖြစ်ပြီး လူတို့၏နေထိုင်မှုဘဝများ မြင့်မားလာမည်ဖြစ်ပါသည်။[21]

၂၄။ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏စီးပွားရေးယန္တရားလည်ပတ်မှုတွင် အဓိက မောင်းနှင်အားအဖြစ်ပါဝင်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေး အတွက် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများရရှိစေရေး၊ ငွေကြေးအရင်းအနှီးရရှိ စေရေး၊ ကောင်းမွန်စနစ်ကျသော ထုတ်လုပ်မှုအလေ့အကျင့်ကောင်းများရရှိစေရေး၊ ဈေးကွက်ရရှိ စေရေးနှင့် ပြည်တွင်းဈေးကွက်မှသည် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး စသည် တို့ကို နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းလျက် လက်တွေ့ကျသောမူဝါဒများ၊ ရည်မှန်းချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရ မည်ဖြစ်ပါသည်။[22]

[21] မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သိန်း၏ ပြောကြားချက်မှ ကောက်နုတ်ထားပါသည်။
[22] ဒေါက်တာဖြူဖြူဝင်း(စက်မှု) ပြောကြားချက်မှ ကောက်နုတ်ထားပါသည်။

## နိုင်ငံအချို့၏ဆောင်ရွက်ချက်များ

၂၅။ (က) **ဗီယက်နမ်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းနှင့် စက်မှုကဏ္ဍတိုးတက်မှုနှုန်း**




Source: Vietnam industrial situation (2000–2010)


အထက်ဖော်ပြပါ Bar Chart အရ ဗီယက်နမ်နိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်မှုနှင့် GDP တိုးတက်မှုနှုန်းဆက်စပ်နေမှုကို လေ့လာနိုင်ရန်ဖော်ပြထား ခြင်းဖြစ်ပါသည်။

**ဗီယက်နမ်နိုင်ငံ။** ၂၀၀၀ ပြည့်နှစ်မှစ၍ ဗီယက်နမ်နိုင်ငံ၏ စက်မှုကဏ္ဍသည် တိုင်းပြည်၏ GDP တိုးတက်ရေးတွင် အဓိကကျခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် စက်မှုကဏ္ဍတိုးတက်၍ စက်မှုခေတ်ပြောင်းတော်လှန်ရေးအဆင့်ဆင့် ပြောင်းလဲ ဆင်နွှဲခဲ့ရသည်ကို တွေ့ရှိရပါသည်။ ၁၉၉၆ ခုနှစ်ကစ၍ ၂၀၂၀ ပြည့်နှစ်အတွင်း လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုကဏ္ဍပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်ပယ်အများစုတွင် အဆင့်မြင့်နည်းပညာရှိပါသည်။ စက်မှုထုတ်ကုန်များ၏ အရည်အသွေးများသည် နိုင်ငံတကာအဆင့်မီခြင်း၊ globel value chain တွင် ထိရောက်စွာပါဝင်ခြင်း၊ စွမ်းအင်များကိုချွေတာစွာသုံးစွဲခြင်း၊ နိုင်ငံတကာ ပေါင်းစည်း မှုအတွက် တူညီစွာယှဉ်ပြိုင်နိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုဒီဇိုင်းနှင့် သုတေသနပြုလုပ်မှု

အဆင့်ဆင့်တွင် စတင်တီထွင်လုပ်ကိုင်နိုင်သော ကျွမ်းကျင်သည့်လုပ်သားအင်အား များစွာရှိပါသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးကဏ္ဍအားလုံးတွင် လူ့စွမ်းအားအရင်းအမြစ်များကို ထိထိရောက်ရောက် ထောက်ပံ့ပေးလျက်ရှိပါသည်။ ထို့အပြင် စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုသော စက်မှုကဏ္ဍများဖြစ်သည့် သစ်တောကဏ္ဍ၊ စွမ်းအင်အသစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ အီလက်ထရောနစ်ကဏ္ဍ၊ ငါးလုပ်ငန်း၊ စက်မှုအင်ဂျင်နီယာနှင့် ဆေးဝါးဓာတုဗေဒလုပ်ငန်းများကို အဆင့်မြင့်နည်းပညာဖြင့် ဆောင်ရွက်၍ global value chain တွင် ထိရောက်စွာပူးပေါင်းပါဝင်၍ ဆောင်ရွက်နေပါသည်။[23]

(ခ) **ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်းနှင့် စက်မှုကဏ္ဍတိုးတက်မှုနှုန်း**




**Source: http://worldbank.org/data-catolog/world-development-indicators**

အထက်ဖော်ပြပါ Bar Chart အရ ထိုင်းနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် GDP တိုးတက်မှုနှုန်း ဆက်စပ်နေမှုကို လေ့လာနိုင်ရန်ဖော်ပြထားခြင်း ဖြစ်ပါသည်။

[23]Nearly US$ 239 Million Foreign Investment Attracted in First Quarter ၊ http://asemconnectvietnam.gov.vn/default. aspx?ZID1=14&ID1=2&ID8=27556 မှရရှိပါသည်။

**ထိုင်းနိုင်ငံ။** ထိုင်းနိုင်ငံသည်လည်း ၂၀၁၁ ခုနှစ်မှစတင်၍ အလယ်အလတ် အဆင့် ကမ္ဘာ့ဝင်ငွေအများဆုံးရှိသော နိုင်ငံအဖြစ်သို့ကူးပြောင်းရောက်ရှိခဲ့ပါသည်။ အကြောင်းအရင်းများစွာရှိသည့်အနက် လယ်ယာစိုက်ပျိုးရေးမှ ပို့ကုန်အခြေပြု ကုန်ထုတ်လုပ်မှုအခြေခံသည့် စီးပွားရေးစနစ်တို့ကို ပြောင်းလဲလာခြင်းဖြစ်သည်။ အထူးသဖြင့် ယာဉ်၊ မော်တော်ယာဉ်နှင့် Electronic အပိုင်းဖြစ်ပါသည်။ နည်းပညာများကို နိုင်ငံရပ်ခြားမှ အရှိန်အဟုန်မြှင့်တင်သွင်းခြင်းဖြင့် သုတေသနဆိုင်ရာ လုပ်ငန်းများကိုလည်း ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက်အဓိကကျပါသည်။[24] စက်မှုကဏ္ဍမှ လူမှုပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော ထုတ်ကုန်များ၏ ထုတ်လုပ်မှုဖြစ်စဉ်ကို အဆင့်မြှင့်တင်၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါသည်။ ထို့ပြင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ချမှတ် ထားသောဥပဒေများကို စနစ်တကျလိုက်နာမှုရှိစေရန်နှင့် စက်မှုကဏ္ဍ၌အသုံးပြု သည့် စက်ကိရိယာများအား အဆင့်မြှင့်တင်ထားပါသည်။[25]

Industrial Estate Authority of Thailand Act အရ စက်မှုလုပ်ငန်းများကို The Industrial Estate Authority of Thailand (IEAT)မှ အုပ်ချုပ်ပါသည်။ IEAT သည် စက်မှုလုပ်ငန်းအမျိုးအစားများ၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များ၊ လွတ်လပ်သည့်လုပ်ငန်းများနှင့် မက်လုံးများ တစ်နေရာတည်းတွင်ပေးသည့် ဝန်ဆောင်မှုများ၊ မြေနေရာရယူခြင်း စသည်တို့ကို စည်းမျဉ်း၊ စည်းကမ်းဖြင့် ထိန်းကျောင်းပေးပါသည်။ ယင်း IEAT သည် စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများ သဘောကျဖွယ် စက်မှုကဏ္ဍဘက်စုံတိုးတက်ရေး၏ စေ့စပ်သေချာထိရောက်သော အကျိုးဆက်ရှိသည့် စီမံခန့်ခွဲမှုစနစ်တစ်ရပ်ပင် ဖြစ်ပါသည်။[26]

[24] http://worldbank.org/data-catolog/world-development-indicators မှကောက်နုတ်ရရှိပါသည်။
[25] Thai Ministry of industry, strategic Agenda (2016-2020), http://www.industry.go.th/industry မှရရှိပါသည်။
[26] ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ပြောကြားချက်မှ ရရှိပါသည်။

**နိဂုံး**

၂၆။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အထောက်အပံ့ပြုသည့်ဝန်းကျင်ကောင်းများ၊ ကြုံတွေ့နေရသည့်စိန်ခေါ်မှုနှင့် အခက်အခဲများ၊ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရန် စက်မှုသင်တန်းကျောင်းများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါက ကုန်ထုတ်လုပ်ငန်းများကို ခေတ်မီသည့်စက်မှုလုပ်ငန်းများဖြင့် လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။ အသေးစားစက်မှုလုပ်ငန်းများမှအစပြု၍ စီးပွားရေးဆိုင်ရာအပြုအမူ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို စုစည်းဖြန့်ဝေခြင်းသည် စက်မှုလုပ်ငန်းများကို ခိုင်မာစေမည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းများအတွက်လိုအပ်သည့် ငွေကြေးများကို အတိုးနှုန်းသက်သာစွာဖြင့် အလွယ်တကူချေးယူနိုင်အောင်ဖန်တီးပေးခြင်းဖြင့် စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ထူထောင်နိုင်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်ဝေဝေနှင်း(အကြီးတန်းစာရေး)မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅